## ရှင်သာမဏေများ ဝတ္ထု

**မှာထားချက်။** ။အို ကိုရင်များ.... ပြခဲ့သော ဤကမ္ဘာ့ဌာန်း တရားမျိုးကို ကြိုးစား၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားကြသော အမျိုးကောင်းသားသမီးတွေ ဤဘုရားသာသနာတော်မှာပင် မရေမတွက်နိုင်အောင် များခဲ့ပေပြီ၊ ကိုရင်တို့လဲ ထိုအမျိုးကောင်းသားတွေ နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါနိုင်အောင် ကြိုးစားစေလိုလှသောကြောင့် ကိုရင်တို့ အားကျဘို့ရာ ယခု ညွှန်ပြမည့် ကိုရင်ကလေးများ၏ ဝတ္ထုကိုလည်း ဆက်လက် ဖတ်ရှုကြပါလေ။

## ရှင်ရာဟုလာ အကြောင်း
## ရှင်သာမဏေ ပြုခဏ်း

ဘုရားရှင်၏ သားတော်ဖြစ်သော ရှင်ရာဟုလာသည် စကြာမင်းဖြစ်လောက်သော ရုပ်လက္ခဏာဖြင့် လှန်စွာ တင့်တယ်ပါပေသည်၊ ထိုသားတော်ရာဟုလာ ဖွားမြင်တော်မူပြီးနောက် ညဉ့် သန်းခေါင် အချိန်လောက်မှာပင် ဘုရားအလောင်း တောထွက်တော်မူခဲ့သည်၊ ဘုရားဖြစ်၍ မိဂဒါဝုန်၌ တဝါဆိုပြီးနောက် ရာဇဂြိုဟ်မြို့ရောက်၍ တပေါင်းလလောက်မှာ ကပိလဝတ်ပြည်သို့ ကြွတော်မူလာသောအခါ သက်တော် ၃၆-နှစ်လောက်သာ ရှိသေး၍ ရာဟုလာလည်း ၇-နှစ်အရွယ်သာ ရှိလေသည်။

နေပြည်တော်ရောက်၍ ငါးရက်လောက်အကြာတွင် ဘုရားရှင်သည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌ သံဃာ